# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 17, 2020 Volume 34, Number 10


**၁၇.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၈/- ကျပ် |
| CBM Rate | = ၁၃၆၄.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၆.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၇.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၀.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၄၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၄၄ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပဲခူးတိုင်းဒေသကြီးရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး




ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ၁၅.၈.၂၀၂၀ နေ့က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မုံခုံကျေးရွာအုပ်စု၊ နန်းတော်ကျေးရွာ၌ ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများနှင့်တွေ့ဆုံပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝဥလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းဖြစ်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးတင်ပို့ကြစေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ လျင်မြန်စေရေးအတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးနေပါကြောင်း၊ ဝဥများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချပါက နိုင်ငံခြားဝင်ငွေများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့်လည်း လုပ်ငန်းအခက်အခဲများကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဝဥစိုက်ပျိုးထုတ်လုပ်သူ ဦးညီဇော်ထိုက်က ကုန်ထုတ်လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန်နှင့် မုံခုံကျေးရွာအုပ်ချုပ်ရေးမှူးက လမ်းမကြီးနှင့်ဆက်စပ်လမ်းများအပေါ် မော်တော်ယာဉ်များသွားလာမှုကြောင့် လမ်းများပျက်စီးနေမှုကို ပြန်လည်ပြုပြင်ပေးရန်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံခုံကျေးရွာနေ တောင်သူ ဦးမောင်ငယ်၏ စိုက်ခင်း၌ A.T.I စပါး ၁၁ ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ရွာသစ်ကျေးရွာရှိ အေးမြကြည် ကုမ္ပဏီလီမိတက် သံရည်ကျို၊ သံနန်းဆွဲ၊ တွင်ခုံလုပ်ငန်းသို့ရောက်ရှိကြပြီး စက်ရုံအတွင်း သံရည်ကျိုသွန်းလောင်းနေမှု၊ ထုတ်လုပ်ပြီး မီးသတ်ပိုက်ခေါင်းများနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများ ကို ကြည့်ရှုအားပေးကာ သံရည်ကျိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းထက် အသင်းအဖွဲ့ဖွဲ့၍ လုပ်ငန်းများကိုဆောင်ရွက်ကြစေလိုပါကြောင်း၊ အခက်အခဲများရှိပါက သက်ဆိုင်ရာ အသင်းအဖွဲ့များမှတစ်ဆင့် ဌာနဆိုင်ရာများသို့ တင်ပြပေးကြစေလိုပါကြောင်း၊ သို့မှသာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ သံထည်ပစ္စည်းလုပ်ငန်းများအတွက် နည်းပညာဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် သံရည်ကျိုလုပ်ငန်းရှင်များက သံရည်ကျိုချက်ရာတွင်အသုံးပြုသည့် ရေနံချေးများရရှိစေရေးနှင့် စက်မှုဇုန်များ၌ စက်ရုံတည်ထောင်ရန် မြေနေရာရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးရန်၊ သံရည်ကျိုလုပ်ငန်းများ ရေရှည်တည်တံ့ လည်ပတ်ဆောင်ရွက်နိုင်ရန်နှင့် ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်၊ နိုင်ငံတော်ကချေးငွေနှင့် စက်ရုံတည်ထောင်ရန် မြေနေရာရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ပြွန်တန်ဆာမြို့ ဘိုင်းဒါးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအစည်းအဝေးခန်းမ၌ သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏လုပ်ငန်းခွင်အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် အခက်အခဲများကို ပွင့်လင်းစွာတင်ပြကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများက နိုင်ငံတော်ကဝယ်ယူသည့် ဆန်စပါးအခြေခံဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေးရန်၊ ဖရဲသီးများဆုံးရှုံးမှုနည်းပါးစေရေးအတွက် ပြည်တွင်းသယ်ယူမှု လွယ်ကူစေရန် ကူညီဆောင်ရွက်ပေးရန်၊ လယ်ယာသီးနှံအတွက်အသုံးပြုသော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို အရည်အသွေးမှန်ကန်စွာရရှိရေး စိစစ်ဆောင်ရွက်ပေးရန်၊ လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇) ရရှိရေးနှင့် ချေးငွေအမြန်ဆုံးရရှိရေးဆိုင်ရာ ကိစ္စရပ်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက်ရှိ ACT သဘာဝသစ်သီး ကုန်သည်လုပ်ငန်းသို့ရောက်ရှိကြပြီး စက်ရုံအတွင်း သစ်သီးများမှသဘာဝသစ်သီးအရည် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ ဟုတ်လင်ကွမ်းအင်းဘုရားကျောင်း ခန်းမ၌ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကာလအလွန်တွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အားကောင်းလာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအခက်အခဲများကိုလည်း ပွင့်လင်းစွာတင်ပြကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေး လုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်သည့် လယ်ယာသုံး စက်ပစ္စည်းများကို တောင်သူများထံ ဈေးနှုန်းသက်သာစွာ ပြန်လည်ရောင်းချပေးနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီပေးရန်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်လေးပင်မြို့ တော်ဝိစံပြကျေးရွာသို့ ရောက်ရှိပြီး မဟာသကျရုံသီ ရောင်တော်ပြန်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ သီးနှံစိုက်တောင်သူများနှင့်တွေ့ဆုံသည်။ တွေ့ဆုံစဉ် သီးနှံစိုက်တောင်သူများက ရဲနွယ်ရေသောက်စီမံကိန်း ရေပေးဝေမှု

နှင့် ပြောင်းစိုက်ပျိုးရေးရာသီ၌ ရေရရှိရေးဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လမ်းများ ပြန်လည်ပြုပြင်ပေးရန်နှင့် ရေထွက်ပြွန်ပေါက်များ ကျဉ်းမြောင်းနေမှုအား ပြုပြင်ဆောင်ရွက်ပေးရန် ကိစ္စရပ်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ဥရောပဈေးကွက်သို့ မြန်မာ့ပျားရည် တင်ပို့ခွင့်ရရှိ

မြန်မာနိုင်ငံမှပျားရည်တင်ပို့ရန် ဥရောပသမဂ္ဂအဖွဲ့ (အီးယူ) က အတည်ပြုလိုက်ကြောင်း မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်ထွေးကပြောသည်။ အီးယူနိုင်ငံများသို့ ပျားရည်တင်ပို့ခွင့်ရရှိရန် ၂၀၁၆ က စတင်ကြိုးပမ်းခဲ့ရာမှ ၂၀၂၀ ဩဂုတ်လဆန်းပိုင်းတွင် ပျားရည်တင်ပို့နိုင်သည့် နိုင်ငံများစာရင်းထဲသို့ မြန်မာနိုင်ငံကို ထည့်သွင်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ "လောလောဆယ် သူတို့ရဲ့စာရင်းထဲပါလာပြီဖြစ်တဲ့အတွက် ဈေးကွက်ကြီးတစ်ခု ရလာတာပေါ့" ဟု ဦးအောင်ခိုင်ထွေးက ပြောသည်။ ပျားရည်တင်ပို့ခွင့်စာရင်းဝင်နေပြီဖြစ်သော်လည်း မြန်မာနိုင်ငံဆိုင်ရာအီးယူသံရုံး၏ တရားဝင်စာထွက်ရန် စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူကဆိုသည်။

ဥရောပဈေးကွက်သို့ ပျားရည်တင်ပို့ခွင့်ရရှိရေးအတွက် နှစ်စဉ်သုတေသနစစ်တမ်းများနှင့် အရည်အသွေးစစ်ဆေးမှုလုပ်ငန်းစဉ်များကို ရေးဆွဲတင်ပြခဲ့ရသည်ဟုဆိုသည်။ မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း၏ စာရင်းများအရ ပြည်ပနိုင်ငံများသို့ တစ်နှစ်လျှင် တန်ချိန်၂,၅၀၀ မှ ၃,၀၀၀ အကြားတင်ပို့နိုင်ပြီး ဂျပန်နိုင်ငံသို့ အဓိကထားတင်ပို့နေသည်။ ပြည်ပဈေးကွက်မှ ပျားရည်တစ်တန်လျှင် ဒေါ်လာ ၁,၇၀၀ မှ ၁,၉၀၀ အကြား ပျမ်းမျှရရှိသည်။

ပြည်တွင်းပျားမွေးမြူရေးလုပ်ငန်းသည် ဖွံ့ဖြိုးစလုပ်ငန်းတစ်ခုအဖြစ်သို့ရောက်ရှိနေပြီး ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ နေပြည်တော်နှင့်ရှမ်းပြည်နယ်၌ စီးပွားဖြစ်မွေးမြူနေကြောင်း မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းကဆိုသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အချက်အလက်အရ တစ်နိုင်ငံလုံးတွင် ပျားအုံနှစ်သိန်းခန့်မွေးမြူထားပြီး မွေးမြူရေးလုပ်ငန်းရှင် ၉၀၀ ကျော်နှင့်အတူ လုပ်သားနှစ်ထောင်ခန့်က ပျားမွေးမြူရေးကဏ္ဍတွင်ပါဝင်နေသည်။ ထို့အပြင် တစ်နှစ်လျှင် ပျားရည်ထုတ်လုပ်မှု မက်ထရစ်တန် ၆,၅၀၀ ရှိပြီး ပြည်ပသို့တန်ချိန် ၂,၅၀၀ တင်ပို့မှုမှ ဒေါ်လာလေးသန်းခန့်ရရှိနေသည်။

**Source:** https://7day.news/detail?id=195610

## အုန်းသီးအပါအဝင် သီးနှံငါးမျိုး အင်္ဂလန်နိုင်ငံကို လွတ်လပ်စွာတင်ပို့နိုင်ပြီ



အုန်းသီးအပါအဝင် နာနတ်သီး၊ ဒူးရင်းသီး၊ ငှက်ပျောသီး၊ စွန်ပလွံသီးတို့ကို ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) မလိုဘဲ အင်္ဂလန်နိုင်ငံသို့ လွတ်လပ်စွာတင်ပို့နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ အဆိုပါ သီးနှံငါးမျိုးကို အင်္ဂလန်နိုင်ငံသို့တင်ပို့မည်ဆိုပါက ခရီးစဉ်ဝေးသောကြောင့် အခြားပြည်ပနိုင်ငံများကဲ့သို့ ရေကြောင်းနှင့်တင်ပို့ရန် မရဘဲ လေကြောင်းလိုင်းဖြင့်သာ တင်ပို့ရမည်ဖြစ်ကြောင်းသိရပါတယ်။

သို့သော် အခြားပြည်ပဈေးကွက်ဝင်သီးနှံများဖြစ်သည့် သရက်သီးနှင့်သဘော်သီးများကို အင်္ဂလန်နိုင်ငံသို့ တင်ပို့မည်ဆိုပါက PC လိုအပ်ကြောင်းသိရပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှသီးနှံများကို စင်ကာပူနိုင်ငံသို့တင်ပို့ရာတွင် PC မလိုအပ်ကြောင်းနှင့် ဒူဘိုင်းသို့တင်ပို့ပါကလည်း အချို့သီးနှံများမှာ PC မလိုကြောင်း သိရပါတယ်။

**Source:** https://www.myanmaplatform.com/a/47200.html

## ရွှေတင်ပို့၊ တင်သွင်းရာတွင် ဘဏ်ဖြင့်ချိတ်ဆက်ဝယ်ယူရသည့် LC စနစ်သာ ကျင့်သုံးရမည်

ပြည်ပသို့ ရွှေတင်ပို့၊ တင်သွင်းရာတွင် ဘဏ်အချင်းချင်းချိတ်ဆက်ဝယ်ယူရသည့် LC (Letter of Credit ) စနစ်ကိုသာ မဖြစ်မနေကျင့်သုံးရတော့မည်ဟု ကုန်သွယ်ရေးဦးစီးဌာနက ဩဂုတ် ၁၂ ရက်စွဲဖြင့် ထုတ်ပြန်သည်။ မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုတွင် မီးခိုးရောင်အဆင့် သတ်မှတ်ချက်တွင် ပါဝင်နေ၍ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာ တင်ပို့ရောင်းချခြင်းမှတစ်ဆင့် တရားမဝင်ငွေကြေးများ ဝင်လာခြင်းမှ ကာကွယ်ရန်ဖြစ်သည်ဟု ကုန်သွယ်ရေးဦးစီးဌာနကဆိုသည်။ ယခင်က လက်ငင်းငွေချေသည့်စနစ် TT (Telegraph Transfer) နှင့် ဘဏ်ဖြင့်ချိတ်ဆက်ဝယ်ယူရသည့် LC စနစ်နှစ်မျိုးစလုံးအသုံးပြုနေခြင်းဖြစ်သည်။ ယခုအခါ ဩဂုတ် ၁၂ ရက်နောက်ပိုင်းကစ၍ LC စနစ်သာ ကျင့်သုံးရတော့မည်ဖြစ်သည်။

၂၀၂၀ မတ်လကစတင်ပြီး ပြည်ပရွှေတင်ပို့ခြင်းကို LC စနစ်သာကျင့်သုံးရန် ဝန်ကြီးဌာန၏ညွှန်ကြားချက်ကို ပြင်ဆင်ပေးရန် လုပ်ငန်းရှင်များက ပြန်လည်တောင်းဆိုခဲ့၍ ညွှန်ကြားချက်ထပ်မံထုတ်ပေးခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။ “ဒီစနစ်က လက်ဆောင်ပစ္စည်းတွေ၊ လက်ဝတ်ရတနာတွေအတွက်သာ အဆင်ပြေမယ်။ ရွှေတုံးရွှေခဲတင်ပို့တာအတွက် အဆင်မပြေနိုင်ဘူး” ဟု ဦးမျိုးမြင့်ကပြောသည်။

LC စနစ်ဖြင့် ငွေပေးချေရာတွင် တစ်လခန့် အချိန်ကြန့်ကြာသည့်အပြင် ဘဏ်စရိတ်များ နှစ်ဖက်စလုံးပေးရခြင်း၊ သယ်ယူပို့ဆောင်ရာတွင် လုံခြုံရေးကုမ္ပဏီများ ငှားရမ်းခစရိတ်တက်လာခြင်း၊ ကမ္ဘာ့ရွှေဈေးမှာလည်း နေ့စဉ်အတက်အကျရှိခြင်း စသည့် အချက်များကြောင့် လုပ်ငန်းရှင်များကကြိုက်နှစ်သက်ခြင်းမရှိပေ။

**Source:** https://7day.news/detail?id=195609

## အိန္ဒိယကုန်သည်များ ဝယ်အားမြင့်လာသော်လည်း ဒေါ်လာတန်ဖိုးကျသဖြင့် ပြည်တွင်းမတ်ပဲဈေးငြိမ်

အိန္ဒိယကုန်သည်များ၏ ဝယ်လိုအားမြင့်တက်လာသော်လည်း အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းနေခြင်းကြောင့် ပြည်တွင်းမတ်ပဲဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်နေသည်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းရန် အိန္ဒိယကုန်သည်များအား အချိန်သုံးလသတ်မှတ်ပြီး ဇွန်လမှဩဂုတ်လကုန်အထိဖြစ်သည်။ လက်ရှိ နှစ်လခွဲအတွင်း မတ်ပဲတန်ချိန်တစ်သိန်းခန့်သာ တင်သွင်းထားနိုင်သည်။

ထို့ကြောင့် ကျန်ရှိနေသည့်အချိန်အတွင်း အိန္ဒိယကုန်သည်များက မတ်ပဲကို ပုံမှန်ဝယ်နေခြင်းကြောင့် ပြည်ပရောင်းဈေးတစ်တန်လျှင် ဒေါ်လာ ၇၀၀ မှ ၇၂၅ ဒေါ်လာသို့ မြင့်တက်လာသည်။ ပြည်ပရောင်းဈေး မြင့်တက်သော်လည်း ပြည်တွင်းဒေါ်လာတန်ဖိုးလျော့ကျကာ ငွေလဲနှုန်းကျဆင်းနေခြင်းကြောင့် မတ်ပဲတစ်တန်လျှင် ကျပ် ၉၆၅,၀၀၀ ဈေးဖွင့်သည်။ “ငွေလဲနှုန်းက အရင်တန်ဖိုးနဲ့ဆိုရင် ၁၀ သိန်းအထက်ဈေးရမှာ” ဟု ဦးမင်းကိုဦးကပြောသည်။

လက်ရှိ ပို့ကုန်ရငွေအဖြစ်သတ်မှတ်သော ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာလျှင် ကျပ် ၁,၃၆၀ ဖြစ်သည်။ ပြီးခဲ့သည့်လများက တစ်ဒေါ်လာ ကျပ် ၁,၄၀၀ ဝန်းကျင်ရှိခဲ့သည်။ မြန်မာနိုင်ငံ ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးကို အနည်းဆုံး သုံးမျိုးခွဲခြားပြီးဈေးဖွင့်သည်။ ပို့ကုန်ရငွေတန်ဖိုး၊ ပြည်ပသွင်းကုန်အတွက် ငွေလွှဲပေးပို့သည့်တန်ဖိုးနှင့် ပြည်တွင်း၌ ဒေါ်လာအရှက်အရောင်းအဝယ်တန်ဖိုးဟူ၍ သုံးမျိုးရှိနေသည်။ မတ်ပဲကဲ့သို့ ပဲစင်းငုံကလည်း ပြည်တွင်းဈေးကွက်တွင် ကျဈေးဖြင့် တည်ငြိမ်နေပြီး တစ်တန်လျှင် ကျပ် ၈၀၀,၀၀၀ ဝန်းကျင်ဈေးရှိနေသည်။ ပြည်ပတင်ပို့ရမည့် ပဲစင်းငုံဈေးနှုန်း တစ်တန်လျှင် ၆၀၅ ဒေါ်လာဈေးရှိနေသဖြင့် ဒေါ်လာတန်ဖိုးသာမြင့်တက်လျှင် ကျပ် ၈၃၀,၀၀၀ ဝန်းကျင်ဈေးရရှိမည်ဖြစ်သည်။

**Source:** https://7day.news/detail?id=195794

## တနင်္သာရီတိုင်းဒေသကြီး၌ ရေချိုငါးများ ပထမဆုံးအကြိမ် မျိုးစိုက်ထည့်

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် သရက်ချောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သရက်ချောင်းမြို့နယ် ကဖိကျေးရွာ ကိုစိုးနိုင်၏ လယ်စပါးခင်းအတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်သည့် အခမ်းအနားကျင်းပခဲ့သည်။

ရေချိုငါးများ မျိုးစိုက်ထည့်ခြင်းမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ် မျိုးစိုက်ထည့်ခြင်းဖြစ်ပြီး မျိုးစိုက်ထည့်သည့်အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်း၊ ထားဝယ်ခရိုင်ငါးဦးစီးမှူး ဦးစိုးမြင့်သိန်း၊ သရက်ချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ငါးဦးစီးမှူး ဒေါ်သန်းသန်းမြင့်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်း၊ ကဇိ၊ ပိန်းတော၊ ရန်တောင်၊ ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ငါးသားပေါက်များကို သထုံ ငါးလုပ်ငန်းစခန်းမှ ဝယ်ယူခဲ့ပြီး ငါးခုံးမနှင့် ငါးကြင်း ရွှေဝါ ငါးသားပေါက်ကောင်ရေ ၃၀၀၀ အား လယ် ၁၅ ဧက စပါးခင်းများသို့ ပထမဆုံးအကြိမ် စမ်းသပ်ထည့်သွင်း မျိုးစိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သရက်ချောင်းမြို့နယ်ရှိ ခြေလျင်တပ်ရင်း ၄၀၄ တပ်ငါးကန်ကိုလည်း ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ရေချိုငါးစားသုံးမှု နည်းပါးခြင်း၊ ရေချိုငါးမွေးမြူမှု နည်းပါးခြင်းတို့ကြောင့် ဒေသခံပြည်သူများ ရေချိုငါးစားသုံးခြင်း၊ ရေချိုငါးမွေးမြူခြင်းများ စိတ်ဝင်စားမှုရှိလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ စပါးခင်းအတွင်း ပထမဆုံးအကြိမ် စမ်းသပ်ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကုန်ထုတ်လုပ်မှု၊ ဟိုတယ်နှင့်ခရီးသွားနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသုံးခုကို MIC က ထပ်မံခွင့်ပြုခဲ့ပြီး ဇူလိုင်လကုန် အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းအရ နိုင်ငံပေါင်း ၅၁ နိုင်ငံအနက် စင်ကာပူ၊ တရုတ်နှင့်ထိုင်းနိုင်ငံက ထိပ်ဆုံးမှ အစဉ်လိုက်ရပ်တည်လျက်ရှိ



ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသုံးခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ထပ်မံခွင့်ပြုခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းအရ နိုင်ငံပေါင်း ၅၁ နိုင်ငံအနက် စင်ကာပူ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့က ထိပ်ဆုံးမှအစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ (၁၁/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးကို ဩဂုတ် ၁၄ ရက်က ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေး၌ ဆောင်ရွက်ဆဲလုပ်ငန်းသုံးခုမှ မ,တည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့်အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ်သုံးခုကိုခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၂၀ ဒသမ ၀၅၇ သန်းနှင့် ကျပ် ၁၅၈၀၅၉ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၅၀ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံ/ ဒေသများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းတို့ဖြစ်သည်။ နိုင်ငံ/ဒေသပေါင်း ၅၁ ခုမှစီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိသောစာရင်းများအရ စင်ကာပူက ဒေါ်လာ ၂၃၁၅၇ ဒသမ ၄၉၃ သန်း၊ တရုတ်က ဒေါ်လာ၂၁၃၅၀ ဒသမ ၆၆၈ သန်း၊ ထိုင်းနိုင်ငံက ဒေါ်လာ ၁၁၃၈၂ ဒသမ ၅၆၈ သန်း၊ ဟောင်ကောင်က ဒေါ်လာ ၉၆၇၈ ဒသမ ၆၅၆ သန်း၊ UK က ဒေါ်လာ ၄၉၀၄ ဒသမ ၄၃၉ သန်း၊ ကိုရီးယားနိုင်ငံက ဒေါ်လာ ၄၀၅၇ ဒသမ ၇၇၈ သန်း၊ ဗီယက်နမ်နိုင်ငံက ဒေါ်လာ၂၂၁၆ ဒသမ ၂၀၃ သန်း၊ မလေးရှားနိုင်ငံက

ဒေါ်လာ ၁၉၆၇ ဒသမ ၄၈၉ သန်း၊ ဂျပန်နိုင်ငံက ဒေါ်လာ ၁၉၁၄ ဒသမ ၈၉၆ သန်းစသည်ဖြင့် နိုင်ငံအလိုက် အသီးသီး ရင်းနှီးမြှုပ်နှံထားကြသည်။

မြန်မာ့စီးပွားရေး ဦးမော့လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အမြောက်အမြားဝင်ရောက်လာရန် အရေးကြီးသဖြင့် တာဝန်ယူမှု ရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဇွန် ၁၆ ရက်က ပြောကြားသည်။ “မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဦးမော့လာစေဖို့ ဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပိုမိုဝင်ရောက်စေဖို့ အရေးကြီးပါတယ်။ ဒီလိုဝင်ရောက်ဖို့လည်း တာဝန်ယူမှုရှိပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိပါတယ်။ ဥပမာအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်တဲ့စက်မှုဇုန်တွေ တည်ထောင်ဖို့ အဆိုပြုလာတဲ့ ထိုင်းနိုင်ငံနဲ့ ကိုရီးယားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။ စင်ကာပူနိုင်ငံက လုပ်ငန်းဆောင်ရွက်ဖို့ ကမ်းလှမ်းလာတာလည်း ရှိပါတယ်။ ဒါတွေကိုလည်း MIC အနေနဲ့ စိစစ်ပြီးတော့ ခွင့်ပြုသွားမှာ ဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

အစိုးရသစ်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်ရှိပြီး ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဝန်ဆောင်မှုကဏ္ဍများ၌ အများဆုံးခွင့်ပြုပေးထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည့်စာရင်းများအရသိရသည်။ COVID-19 အလွန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်စီးဝင်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်ဖြစ်သည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ သတ်မှတ်ကာလအတွင်းပြည့်မီနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

**Source:** https://news-eleven.com/article/187342

## စားသောက်ကုန်များ ပြည်ပမှတင်သွင်းခွင့်သွင်းကုန်လိုင်စင်ကို FDA ထောက်ခံချက်ဖြင့် ထုတ်ပေးလျက်ရှိရာ စာရွက်စာတမ်း မမှန်မကန်တင်ပြမှုကြောင့် သတိပေးခြင်းခံရသည့်ကုမ္ပဏီများအား အွန်လိုင်းစနစ်ဖြင့် လိုင်စင်လျှောက်ထားခွင့် သုံးလရပ်ဆိုင်းမည်



စားသောက်ကုန်များ ပြည်ပမှတင်သွင်းခွင့် သွင်းကုန်လိုင်စင်ကို FDA ထောက်ခံချက်ဖြင့် ထုတ်ပေးလျက်ရှိရာ စာရွက်စာတမ်းများ မမှန်မကန်တင်ပြမှုကြောင့် သတိပေးခြင်းခံရသည့်ကုမ္ပဏီများအား အွန်လိုင်းစနစ် (Fully Online) ဖြင့် လိုင်စင်လျှောက်ထားခွင့် သုံးလရပ်ဆိုင်းမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်လိုက်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုမ္ပဏီများ၏ စားသောက်ကုန်များ ပြည်ပမှတင်သွင်းခွင့် သွင်းကုန်လိုင်စင်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ သွင်းကုန်ထောက်ခံချက် (IR) ဖြင့် ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

စားသောက်ကုန်များအတွက် သွင်းကုန်ထောက်ခံချက် (IR) လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ မမှန်မကန်တင်ပြမှုများကြောင့် ကုမ္ပဏီအချို့အား FDA မှ အထူးသတိပေးခံရခြင်းများရှိနေကြောင်းသိရသည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်မှစ၍ စာရွက်စာတမ်းများ မမှန်မကန်တင်ပြမှုကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက အထူးသတိပေးခြင်းခံရသည့်ကုမ္ပဏီများအား ကုန်သွယ်ရေးဦးစီးဌာနတွင် Fully Online စနစ်ဖြင့် ပို့ကုန်

သွင်းကုန်လိုင်စင်လျှောက်ထားခွင့်အား သုံးလရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ကြိုတင်အသိပေး ကြေညာချက်ထုတ်ပြန်ထားသည်။

COVID-19 ဖြစ်ပွားနေသည့် နှစ်လကျော်အတွင်း ဒေါ်လာ ၂ ဒသမ ၇၇၇ ဘီလျံရှိသည့် ပို့ကုန်သွင်းကုန်လိုင်စင် ၇၄၃၃ စောင်ကို အွန်လိုင်းစနစ်ဖြင့် ထုတ်ပေးခဲ့ပြီး COVID-19 ကာလအတွင်း ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လအတွင်းက ထုတ်ပြန်ထားသည်။ COVID-19 ရောဂါဖြစ်ပွားနေသဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားရာတွင် ဈေးနှုန်း၊ အရေအတွက်နှင့် တန်ဖိုးကို မေ ၁၈ ရက်မှစ၍ သတ်မှတ်ထားသည့် ဒသမအရေအတွက်အတိုင်းသာ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်ရေးဦးစီးဌာန၏ အွန်လိုင်းစနစ်အားလုံးတွင် လိုင်စင်အချက်အလက်များ ဖြည့်သွင်းရာ၌ ဈေးနှုန်း (Price) ကို ဒသမသုံးနေရာအထိလည်းကောင်း၊ အရေအတွက် (Quantity) ကို ဒသမနှစ်နေရာ အထိလည်းကောင်း၊ တန်ဖိုး (Amount) ကို ဒသမသုံးနေရာအထိလည်းကောင်း တစ်ပြေးညီဖြစ်စေရန် ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက်မှစ၍ သတ်မှတ်ထားသည့် ဒသမ အရေအတွက်အတိုင်းသာ လိုင်စင်စနစ်အားလုံးတွင် လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ COVID-19 ဖြစ်ပေါ်ချိန်တွင် ရုံးဌာနအတွင်း လူစုလူဝေးများလျော့ကျစေရန် ဆေးပစ္စည်း အုပ်စု၊ ပြည်ပမှတင်သွင်းနေသည့် စားသောက်ကုန်များ၊ စားသုံးဆီ၊ စက်သုံးဆီစသည့်ကုန်စည်များအတွက် လိုင်စင် လျှောက်ထားမှုကို ဧပြီ ၁ ရက်ကစတင်၍ အွန်လိုင်းစနစ်ဖြင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကုန်စည်အမျိုးအစားအုပ်စု လေးခုအတွက် Over Sea (ပင်လယ်ရေကြောင်း) မှ တင်သွင်းရန် လိုင်စင် လျှောက်ထားခြင်းတို့အတွက် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး၌လည်း ရုံးချုပ်မှလိုင်စင် လျှောက်ထားရန် လိုအပ်သည့်ကုန်စည်များကိုလည်း အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ COVID-19 ရောဂါ ကာကွယ်တားဆီးရေးအတွက် အဓိကလိုအပ်သည့် Sugical Mask ၊ PPE ၊ လူနာခုတင်၊ ဆေးရုံသုံးအသက်ရှူစက်နှင့် ဆက်စပ် ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့်ပြုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပမှကုန်ပစ္စည်းများ မှာယူတင်သွင်းရာတွင် လုပ်ငန်းလွယ်ကူ လျင်မြန်ချောမွေ့စေရေးအတွက် လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းစာရင်း (Negative List) ကို ၂၀၁၉ ခုနှစ် မေ ၂၁ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည်။ အဆိုပါ Negative List တွင် ပါဝင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုဘဲ တင်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

**Source:** https://news-eleven.com/article/187373

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၅၈၀၀၀ ဝန်းကျင်အထိ အတက်အကျရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၇၅၀၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၃၃၀၀၀ ဖြစ်ပေါ်



တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၅၈၀၀၀ ဝန်းကျင်အထိ အတက်အကျရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၇၅၀၀၀ (ဩဂုတ် ၁၂ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၃၃၀၀၀ (ဩဂုတ် ၁၀ ရက်) အထိ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်၌ ကျပ် ၁၁၀၁၀၀၀ အထိ၊

ဇူလိုင် ၁၁ ရက်၌ ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက် တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၁ လအကြာ ၂၀၂၀ ပြည့် နှစ် ဩဂုတ် ၅ ရက်တွင် ကျပ် ၁၃၁၈၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြင့် ယခင်စံချိန်များကို ကျော်လွှန်၍ စံချိန်သစ် ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွှန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်၌ ကျပ် ၁၃၃၄၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့်အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ကျပ် ၁၂၁၄၀၀၀ – ၁၂၆၂၂၀၀၊ မတ်တွင် ကျပ် ၁၁၃၆၀၀၀ – ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀ – ၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀ – ၁၂၃၆၀၀၀၊ ဇွန်၌ကျပ် ၁၂၀၇၅၀၀ – ၁၂၂၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၂၁၆၀၀၀–၁၃၀၂၀၀၀ ဖြစ်သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဩဂုတ်တွင် ၁၄၅၀–၁၅၄၂ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၄၈၃–၁၅၅၂ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၄၇၂–၁၅၁၂ ဒေါ်လာ၊ နိုဝင်ဘာ၌ ၁၄၅၅– ၁၅၁၃ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၄၅၆– ၁၅၁၄ ဒေါ်လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ၌ ၁၅၂၈–၁၅၈၉ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၅၄၉–၁၆၅၉ ဒေါ်လာ၊ မတ်တွင် ၁၄၆၇–၁၆၇၃ ဒေါ်လာ၊ ဧပြီတွင် ၁၅၆၈–၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃–၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀–၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉–၁၉၇၅ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၄၀ ဝန်းကျင်မှ ဒေါ်လာ ၂၀၀ ကျော်အထိရှိခဲ့သည်။

Source: https://news-eleven.com/article/187466

## တရုတ်နိုင်ငံမှ စက်ရုံများ ပြန်လည်ဖွင့်လှစ်လာသဖြင့် ရော်ဘာဈေးများ ပြန်လည်မြင့်တက်




တရုတ်နိုင်ငံမှစက်ရုံများ ပြန်လည်လည်ပတ်လာသဖြင့်ကျဆင်းခဲ့သည့် ရော်ဘာဈေးနှုန်းများမှာ ပြန်လည်မြင့်တက်လာကြောင်းသိရသည်။ လက်ရှိ ပြည်ပတင်ပို့နေသည့် ရော်ဘာဈေးနှုန်းမှာ မေလပထမပတ်တွင် တစ်တန်လျှင် ဒေါ်လာ ၁၁၀၀ ခန့်အထိ ဈေးကျဆင်းခဲ့ပြီး လက်ရှိတစ်တန်လျှင် ၁၆၀၀ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က "နိုင်ငံတကာဈေးအနေနဲ့ကလည်း တရုတ်နိုင်ငံမှာ ကိုဗစ်ဖြစ်ပြီး စက်ရုံတွေပိတ်တဲ့အခါမှာ ဈေးကထိုးတက်သွားတာပါ။ ဒါပေမယ့် သူတို့တဖြည်းဖြည်း ကိုဗစ်ကြောင့်ပိတ်ထားတဲ့ စက်ရုံတွေလည်ပတ်လာတဲ့အခါမှာ ရော်ဘာဈေးတွေက ဈေးတန်းတစ်ခုလောက်ထိတော့ ပြန်တက်လာတာပေ့ါ။ အခုဆိုရင် ပြည်တွင်းဈေးကလည်း ဈေးတန်တစ်ခုထိ ၇၀၀ ဝန်းကျင် ပြန်ရောက်လာပြီဟုပြောသည်။ ယင်းအပြင် ပြည်တွင်းဈေးတွင်လည်း ကိုဗစ်ကာလမတိုင်မီက ရော်ဘာတစ်ပေါင်လျှင် ၈၀၀ ကျပ်အထိရှိခဲ့ရာမှ မေလပထမပတ်မှစတင်ကာ တစ်ပေါင် ၅၀၀ ကျပ် အောက်ထိကျဆင်းခဲ့ကြောင်း၊ သို့သော် လက်ရှိတွင် တစ်ပေါင်လျှင် ၇၀၀ ဝန်းကျင်အထိ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း

သိရသည်။ လက်ရှိမိုးရာသီတွင် ရော်ဘာလုပ်ငန်းရှင်များအနေဖြင့် ခြံများပြုပြင်ထိန်းသိမ်းရန်နှင့် အပင်များအား အနား ပေးထားသည့်ကာလဖြစ်ပြီး၊ ရော်ဘာထုတ်လုပ်ပါက ဆုံးရှုံးနိုင်မှု ရာခိုင်နှုန်းများပြားသောကြောင့် ရော်ဘာထွက်ရှိမှုနှင့် တင်ပို့ရောင်းချမှု နည်းပါးကြောင်းသိရသည်။ ဦးခိုင်မြင့်က " တကယ်တမ်းပြောရရင် တိုင်းပြည်အနေနဲ့ ကိုဗစ်ကြောင့်လုပ်ငန်းတွေ တော်တော်လေး ထိခိုက်ခဲ့ရတယ်ဆိုပေမယ့် ကုသိုလ်ကံကောင်းတာက အဆိုးဝါးဆုံးအခြေနေမှာ မိုးရာသီရောက်နေတယ်။ မိုးရာသီက ခြံပိတ်ရာသီ ရောက်သွားတော့ နည်းနည်းခံသာတယ်လို့ပြောရမှာပေါ့။ ခြံပိတ်ရာသီဖြစ်နေတော့ လက်ရှိပစ္စည်းကမရှိဘူး။ အနည်းအကျဉ်းလောက်တော့ အရောင်းအဝယ်ဖြစ်တယ်'' ဟု ဆက်လက်ပြောသည်။

လက်ရှိ မြန်မာနိုင်ငံမှရော်ဘာမှာ နိုင်ငံတကာပေါက်ဈေးဖြင့်ယှဉ်မည်ဆိုပါက အရည်အသွေးမတည်ငြိမ်သောကြောင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ မှ ၄၀၀ ခန့် ဈေးကွာဟကြောင်း လုပ်ငန်းရှင်များက သုံးသပ်သည်။ လက်ရှိတွင် အရည်အသွေးပြည့်မီသည့် မြန်မာ့ရော်ဘာများတင်ပို့နိုင်ရေးအတွက် နည်းပညာဆိုင်ရာအထောက်အကူများကို တစ်စိတ် တစ်ပိုင်းအနေဖြင့် ဖြည့်ဆည်းပြီးဖြစ်ကြောင်း၊ ကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားလိုအပ်ချက်များ ဖြစ်သော ဓာတ်ခွဲခန်းဝန်ထမ်း ထပ်မံဖြည့်တင်းရေး၊ ဓာတ်ခွဲခန်းအဆောက်အဦးတိုးချဲ့ရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အလားတူ မြန်မာ့ရော်ဘာကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများအားလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာစိုက်ပျိုးသူ၊ ထုတ်လုပ်သူနှင့် TSR စက်ရုံများ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေးအတွက် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးနှုန်းရရှိရေး၊ အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သောထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန် နှီးနှောဖလှယ်ပွဲ (Forum) တစ်ရပ်ကို ရန်ကုန်မြို့တွင် ကျင်းပသွားနိုင်ရေးတို့အပါအဝင် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA ကဲ့သို့သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းချိတ်ဆက်၍ နည်းပညာအကူအညီများ ရယူဆောင်ရွက်သွားနိုင်ရေးတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ဆွေးနွေးထားကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့နိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့အကြားနားလည်မှုစာချွန်လွှာ (MOU) ကို ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုး၍ မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း (MNRQTL) ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) တွင် တည်ထောင်ခဲ့ကြောင်းသိရသည်။

မြန်မာ့နိုင်ငံမှထွက်ရှိသည့် ရော်ဘာထွက်ကုန်များသည် ကုန်ကြမ်းအမျိုးအစားများသာဖြစ်ပြီး စုစုပေါင်းရော်ဘာတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကာ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့်ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကြောင်းသိရသည်။ ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးမှုများရှိသည်။ မြန်မာ့ပို့ကုန်မဟာဗျူဟာတွင် ရော်ဘာကဏ္ဍသည်လည်း အဓိကပို့ကုန်တစ်ခုအဖြစ်ပါဝင်လျက်ရှိနေကြောင်းသိရသည်။

Source: http://htwettoe.com/article-details/news/9859796

## တမူးမြို့တွင် ကောက်ရိုးမှိုစမ်းသပ်စိုက်ပျိုး၍ အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချရန်စီစဉ်

တမူးမြို့တွင် ကောက်ရိုးမှို စမ်းသပ်စိုက်ပျိုးမှုအောင်မြင်၍ အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချရန်စီစဉ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ဦးကပြောသည်။ "အိန္ဒိယနိုင်ငံကို တမူးမှိုရောင်းတာ တစ်ပိဿာ ၁၀,၀၀၀ ရတယ်။ တောထဲက သဘာဝမှိုတွေတော့ တစ်ပိဿာ ၈,၀၀၀ လောက်ရတယ်။ ဒါကြောင့် တမူးမှာရှိတဲ့ ဝန်ထမ်းတွေကို မှိုစမ်းသပ်စိုက်ခိုင်းလိုက်တာ ပထမအဆင့်ကောက်ရိုးမှိုက အောင်မြင်သွားပြီ" ဟု ၎င်းကပြောသည်။

ကောက်ရိုးမှိုများကို အိန္ဒိယဈေးကွက်သို့ တင်ပို့နိုင်သည့်အပြင် တမူးဒေသအတွက် လိုအပ်သောမှိုဈေးကွက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ မှိုစိုက်ပျိုးရေးစိတ်ဝင်စားသော လုပ်ငန်းရှင်များကိုဖိတ်ခေါ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဝင်းလှိုင်ဦးကပြောသည်။ တမူးမြို့နယ်ထွက် ကောက်ရိုးမှိုနှင့် အခြားစားသုံးနိုင်သည့်မှိုများကို အိန္ဒိယနိုင်ငံတွင် စားသုံးသူများပြားသဖြင့် အလွယ်တကူတင်ပို့ရောင်းချနိုင်ရေး ကျယ်ပြန့်စွာစိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**Source:** https://7day.news/detail?id=195752

## စင်ကာပူသို့ မြန်မာ့သရက်သီးအား သင်္ဘောဖြင့်စမ်းသပ်တင်ပို့



ကိုဗစ်ကာလအတွင်း စင်ကာပူနိုင်ငံသို့ မြန်မာ့သရက်သီးအား သင်္ဘောဖြင့် တန်ချိန် ၁၀၀ ကျော်နီးပါး စမ်းသပ်တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံသရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။ မြန်မာ့သရက်သီးကို ယခင်နှစ်များက စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၀ ကျော်သာ တင်ပို့နိုင်ခဲ့ပြီးယခုနှစ် ကိုဗစ်ရောဂါဖြစ်ပွားသော်လည်း သင်္ဘောဖြင့်စမ်းသပ်တင်ပို့ခဲ့ရာ တန်ချိန် ၁၀၀ ကျော်နီးပါးတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ "အရင်က သရက်သီးပေါ် တာနဲ့ တရုတ်ကို အများဆုံးပို့တယ်။ အခု တရုတ်မှာက ကိုဗစ်ကြောင့် အဝင်အထွက် သိပ်မလွယ်တဲ့အခါကျတော့ စင်ကာပူကိုပို့ဖြစ်တယ်။ အရင်က လေယာဉ်နဲ့ပို့တာ။ အခုရောဂါကြောင့် လေယာဉ်တွေပိတ်ထားတော့ သင်္ဘောနဲ့စမ်းသပ်တင်ပို့မှုက အောင်မြင်တယ်လို့ ပြောလို့ရတယ်"ဟု မြန်မာနိုင်ငံသရက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကပြောသည်။

မြန်မာ့သရက်သီးမှာ ဧပြီလကုန်မှစ၍ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းထွက်ရှိပြီး ပြည်ပသို့ စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြားငမောက်တို့ကို အဓိကတင်ပို့ခြင်းဖြစ်သည်။ ယခင်က သရက်သီးရာသီတွင် တရုတ်နိုင်ငံသို့တစ်ရက်လျှင် တန်ချိန် ၁၀၀၀ အထိ တင်ပို့မှုရှိခဲ့ပြီး စင်ကာပူနိုင်ငံသို့ ၂၀၁၁ ခုနှစ်မှစတင် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ "အခု စင်ကာပူနည်းတူ တရုတ်ကိုလည်း တန်ချိန် ၂၄ တန်လောက် ပို့လိုက်ရတယ်။ ဈေးရရှိမှု ကတော့ ဆိုဒ်ပေါ် မူတည်ပြီး တစ်တန်ကို မြန်မာငွေ ဆယ်သိန်းကနေ ဆယ့်ခုနစ်သိန်းအထိ ဈေးရတယ်"ဟု ၎င်းကပြောသည်။

ကိုဗစ်ကာအတွင်း လူငယ်အများစုသည် အွန်လိုင်းရှော့ပင်မှ သရက်သီးများ ရောင်းချခဲ့သည့်အတွက် သရက်သီးကဏ္ဍတွင် အများအပြား စိတ်ဝင်စားမှုရှိလာပြီး ရောဂါအခြေအနေကြောင့် စီးပွားရေးလုပ်ငန်းအများစု စိုးရိမ်ရသည့်အနေအထားရှိခဲ့သော်လည်း ပြည်တွင်းဈေးကွက်မှာ သရက်သီးရောင်းချမှုနဲ့ပတ်သက်၍ ဆိုးရွားစွာထိခိုက်မှုမရှိကြောင်းသိရသည်။ လက်ရှိတွင် မြန်မာ့သရက်သီးအား ပြည်ပနိုင်ငံများက စိတ်ဝင်စားမှုရှိသောကြောင့် ဒူဘိုင်း၊ အင်္ဂလန်နိုင်ငံနှင့် အခြားသောနိုင်ငံများက မှာယူမှုများရှိပြီး လာမည့်သရက်ရာသီများ၌လည်း ပြည်ပတင်ပို့မှု အလားအလာကောင်းနိုင်ကြောင်း မြန်မာနိုင်ငံသရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ထံမှသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/727350247995702?__tn__=K-R

## ပြောင်းသီးနှံကို ထိုင်းနိုင်ငံသို့ တစ်နှစ်ပတ်လုံး တင်ပို့နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေ

ပြောင်းသီးနှံကို ထိုင်းနိုင်ငံသို့ တစ်နှစ်ပတ်လုံးတင်ပို့နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေတယ်လို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူးကပြောပါတယ်။ ဒုဝန်ကြီးက``ထိုင်းနိုင်ငံရဲ့ပြောင်းတင်ပို့မှု ကန့်သတ်ချက်မှာ နှစ်စဉ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ Duty Free,Quota Free ခွင့်ပြုထားပါတယ်။ ထိုင်းနိုင်ငံသို့ ပြောင်းကို တစ်နှစ်ပတ်လုံး တင်ပို့ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံ Public Warehouse Organization –PWO နဲ့ ညှိနှိုင်းဆောင်ရွက်လျှက် ရှိပါတယ်´´လို့ ဩဂုတ်လ ၇ ရက်နေ့က ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ အခုလို ပြောကြားသွားတာပါ။

ပြောင်းတင်ပို့မှုဟာ လက်ရှိဘဏ္ဍာနှစ် ဇူလိုင်လ ၂၄ ရက်နေ့အထိ တန်ချိန် ၂.၁၅ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကာလတူထက် တန်ချိန် ၈.၇ သိန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ပြောင်းတင်ပို့မှုမှာ အရင်က တရုတ်နိုင်ငံသို့နယ်စပ်မှတဆင့်သာ အများဆုံးတင်ပို့နေရာမှ လက်ရှိဘဏ္ဍာနှစ်မှာတော့ ထိုင်းနိုင်ငံသို့ နယ်စပ်မှတဆင့် တန်ချိန် ၁.၄ သန်း ၊ပင်လယ်ရေကြောင်းမှ တန်ချိန် ၆ သိန်းခန့် တင်ပို့နိုင်တဲ့အတွက် ဈေးကွက်ချဲ့ထွန်နိုင်ခဲ့ပါတယ်။

ပြောင်းတင်ပို့မှုဟာ နှစ်စဉ် တန်ချိန် ၁.၅ သန်းခန့်သာ တင်ပို့နိုင်ခဲ့ပေမယ့်လည်း လက်ရှိဘဏ္ဍာနှစ်မှာ တန်ချိန် ၂.၁၅ သန်းကျော်အထိ တင်ပို့နိုင်ခဲ့တဲ့အတွက်ကြောင့် ပြည်တွင်းမှာလက်ကျန်နည်းပါးနေပြီး ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအတွက် ပြည်ပကနေ ပြန်လည်တင်ပို့ရမယ့် အခြေအနေဖြစ်ပေါ်နေသည့်အတွက် မြန်မာ့ပြောင်းတင်ပို့မှုဟာလည်း ရပ်ဆိုင်းသွားခြင်းမျိုး မဟုတ်ပဲ ဈေးကွက်ရွှေ့ပြောင်းသွားခြင်းသာဖြစ်တယ်လို့ ဒုဝန်ကြီးကဆိုပါတယ်။

အခုဆိုရင် အစိုးရအနေနဲ့ မြန်မာ့ပို့ကုန်ဈေးကွက်ရရှိရေးနဲ့ပတ်သက်ပြီး အာရှနဲ့အာဖရိကဈေးကွက်သစ်တွေကို ရှာဖွေဖို့နဲ့ ဝယ်လိုအားရှိတဲ့ ထိုးဖောက်နိုင်တဲ့ နေရာများမှာ ကြိုတင်ဈေးကွက်ရှာဖွေမှုများပြုလုပ်ဖို့ နိုင်ငံပေါင်း ၈ နိုင်ငံမှာ စီးပွားရေးသံမှူး ၁၀ ဦးကို စေလွှတ်ထားပြီးနောက်ထပ်လည်း ၅ ဦးထပ်မံစေလွှတ်ဖို့စီစဉ်နေပါတယ်။ ဒါ့အပြင် မြန်မာ့ပို့ကုန်များ ဈေးကွက်ရရှိရေးအတွက် ကိုဗစ်ကပ်ရောဂါကာလအတွင်းမှာ ကုန်စည်ပွဲများကျင်းပဖို့ မဖြစ်နိုင်တာကြောင့် ပထမဆုံး Online Expo ကို မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ ရေထွက်ကုန်များကိုအခြေခံတဲ့ ကုန်စည်ပြပွဲဖြစ်တဲ့ Myanmar International Expo of Organic and Natural Product ကိုလည်း ဩဂုတ်လ ၂၄ ရက်ကနေ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်ဖို့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ပြပွဲကိုတက်ရောက်ဖို့ တရုတ်၊ ထိုင်း၊ ဗီယနမ်၊ စင်္ကာပူ၊ အာရပ်စော်ဘွားများနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ကိုရီးယားနိုင်ငံများမှ ကုန်သည်လုပ်ငန်းရှင်များစာရင်းပေးသွင်းထားပြီးဖြစ်တယ်လို့သိရပါတယ်။ ဒုဝန်ကြီးက``ကုန်စည်ပြပွဲဟာ ကိုဗစ်ကာလအတွင်း မြန်မာထွက်ကုန်များကို အပြည်ပြည်ဆိုင်ရာဈေးကွက်များသို့ ချိတ်ဆက်နိုင်မယ့် Platform အဖြစ် အထောက်အကူဖြစ်စေမှာဖြစ်ပြီး လယ်ယာထွက်ကုန်များအတွက် ဈေးကွက်သစ်များကိုလည်း ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်´´လို့ ပြောပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်ရေးမှာ ပို့ကုန်ဦးဆောင်တဲ့တိုးတက်မှုကိုရရှိစေဖို့ ပို့ကုန်သုံးဆတိုးမြှင့်နိုင်ရေးကို ဆောင်ရွက်လျက်ရှိသလိုအမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကိုလည်း ရေးဆွဲလျှက်ရှိရာ ပို့ကုန်ကဏ္ဍတွေကိုလည်း တိုးချဲ့ထားပါတယ်။

**Source:** https://www.kumudranews.com/news-38337

## စင်ကာပူတွင် ကုန်စိမ်းဈေးများနှင့်စားသောက်ဆိုင်စင်တာများရှိ ဆိုင်ခန်းဖွင့်လှစ်သူပေါင်း ၅,၄၀၀ သည် QR code စနစ်ဖြင့် ငွေလက်ခံနိုင်ပြီ

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စင်ကာပူရှိ ကုန်စိမ်းဈေးများနှင့်စားသောက်ဆိုင်စင်တာများတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူများအနေဖြင့် ငွေသားကိုင်တွယ်ဆောင်ရွက်ရခြင်းနှင့်လူအချင်းချင်းအနီးကပ်ထိတွေ့ဆက်ဆံရမှုများကို လျှော့ချနိုင်ရန် အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်အား အသုံးပြုဆောင်ရွက်လာစေရေး ပံ့ပိုးကူညီပေးနိုင်မည့် "Hawkers Go Digital Programme" အစီအစဉ်ကို ၈-၆-၂၀၂၀ ရက်နေ့မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တိုးတက်မှုများရရှိလျက်ရှိကြောင်း၊ ဇွန်လနှင့်ဇူလိုင်လအတွင်း ဆိုင်ခန်းပေါင်း ၁,၉၀၀ သည် QR code ငွေပေးချေမှုစနစ်ကို အသုံးပြုလာပြီဖြစ်၍ ယခုအခါ စင်ကာပူရှိ ကုန်စိမ်းဈေးများနှင့် စားသောက်ဆိုင်စင်တာများတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူပေါင်း ၁၈,၀၀၀ ၏ (၃)ပုံ(၁)ပုံရှိသော ဆိုင်ခန်း ၅,၄၀၀ သည် စားသုံးသူများထံမှ ငွေလက်ခံမှုကို ဒီဂျစ်တယ်ပိုက်ဆံအိတ်များ (Digital Wallets) မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

"Hawkers Go Digital Programme" အစီအစဉ်အရ QR code ငွေပေးချေမှုစနစ်ကို အသုံးပြုဆောင်ရွက်လာကြသော ဆိုင်ခန်းများအနေဖြင့် (၅)လအတွင်း QR code စနစ်အသုံးပြု၍ ငွေလက်ခံမှုကို အနည်းဆုံး (၂၀) ကြိမ် ဆောင်ရွက်နိုင်ပါက တစ်လလျှင် စင်ကာပူဒေါ်လာ ၃၀၀ ဖြင့် (၅)လအထိ ဆုကြေးရရှိမည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်မှာ ၂၀၂၀ ခုနှစ်၊ ဇွန်လခန့်တွင် စင်ကာပူရှိ ဆိုင်ခန်း ၁၈,၀၀၀ တို့က QR code စနစ်အား အသုံးပြုဆောင်ရွက်လာစေရန်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်အထိ ဆိုင်ခန်းပေါင်း ၂,၀၀၀ ကျော်သည် ဆုကြေးများကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်းဖော်ပြထားပါသည်။

အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်ကို လက်ခံအသုံးပြုလာခြင်းသည် ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ခြင်းသို့ ဦးတည်သောအပြောင်းအလဲများမှ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ကိုဗစ် ၁၉ ကပ်ရောဂါ မဖြစ်ပွားမီကတည်းကပင် မိမိတို့သည် ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ရေးကို တိုက်တွန်းအားပေးလျက်ရှိခဲ့ကြောင်းနှင့် ယခုအခါ ကိုဗစ် ၁၉ က လုပ်ငန်းများရှင်သန်ရပ်တည်နိုင်ရေးအတွက် ဤအပြောင်းအလဲကို လိုက်ပါဆောင်ရွက်ကြရန် လိုအပ်ချက်တစ်ရပ်အနေဖြင့် တွန်းအားပေးလာပြီဖြစ်ကြောင်း ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Mr S.Iswaran က ပြောကြားပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် အသက်ကြီးသူများအား ကိုဗစ် ၁၉ ကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကျော်လွှားနိုင်စေရန်အတွက် ကူညီပံ့ပိုးပေးနိုင်ရန် စင်ကာပူဒီဂျစ်တယ်ရုံး (SG Digital Office-SDO) ကိုလည်း မေလတွင်တည်ထောင်ခဲ့ပြီး၊

SDO ရုံးတွင် ခန့်အပ်ထားသော ဒီဂျစ်တယ်သံတမန်များသည် လွန်ခဲ့သည့်နှစ်လအတွင်း ဆိုင်ခန်းပေါင်း ၁၅,၉၀၀ သို့ စည်းရုံးဟောပြောမှုများဆောင်ရွက်ခဲ့ပြီး၊ အသက်ကြီးသူများက လက်ကိုင်ဖုန်းမှတစ်ဆင့် အီလက်ထရွန်နစ်ငွေပေးချေမှု၊ WhatsApp နှင့် SingPass Mobile စသည့် နေ့စဉ်အသုံးပြုရန်လိုအပ်သည့် ဒီဂျစ်တယ်နည်းလမ်းများကို သင်ကြားပေးလျက်ရှိကြောင်း သိရှိရပါသည်။

**Source:** Enterprise Singapore/ The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အီးယူ၏ EBA ကုန်သွယ်မှုအကျိုးခံစားခွင့် တစ်စိတ်တစ်ပိုင်းရုပ်သိမ်းမှုစတင်ခဲ့သဖြင့် ကမ္ဘောဒီးယားပို့ကုန်များ အီးယူသို့တင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်ဆုံးရှုံးမည်

အီးယူမှ ကမ္ဘောဒီးယားနိုင်ငံအပေါ်ပေးအပ်ထားသည့် Everything But Arms (EBA) ကုန်သွယ်မှုအကျိုးခံစားခွင့်အား တစ်စိတ်တစ်ပိုင်းရုပ်သိမ်းမှု (partially withdrawal) အဖြစ်ဆောင်ရွက်ရန် အီးယူ၏ဆုံးဖြတ်ချက်သည် ၁၂-၈-၂၀၂၀ ရက်နေ့မှစတင်၍ သက်ရောက်မှုရှိခဲ့သဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ချုပ်ပြီးအထည်၊ ဖိနပ်နှင့်ခရီးသွားကုန်စည်အချို့သည် အီးယူ၏ အကောက်ခွန်နှုန်းထားများကိုပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ အီးယူမှပေးအပ်သည့် အဆိုပါ EBA ကုန်သွယ်မှုအကျိုးခံစားခွင့်အား ကမ္ဘောဒီးယားနိုင်ငံအပေါ် ယာယီရုပ်သိမ်းခြင်းဖြစ်ကြောင်းနှင့် လိုအပ်သောပြုပြင်ပြောင်းလဲမှုများအတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိတွေ့ဆောင်ရွက်မှုကို အီးယူကတံခါးဖွင့်ထားကြောင်း ဥရောပကော်မရှင်၏ ၁၂-၈-၂၀၂၀ နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့မှုအရသိရသည်။

EBA ကုန်သွယ်မှုအကျိုးခံစားခွင့်အား တစ်စိတ်တစ်ပိုင်းရုပ်သိမ်းမှုကြောင့် အီးယူသို့တင်ပို့သည့် ကမ္ဘောဒီးယားပို့ကုန် များ၏ ၂၀ ရာခိုင်နှုန်းခန့်အပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၎င်းပို့ကုန်များကို အီးယူသို့ ဆက်လက်တင်ပို့နိုင်မည်ဖြစ်သော်လည်း အီးယူမှကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား ကောက်ခံသည့် ယေဘုယျအကောက်ခွန်နှုန်းဖြင့် တင်ပို့ရမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အီးယူသို့ပို့ကုန်များ၏ ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းမှာမူ အီးယူဈေးကွက်သို့ အခွန်နှင့်ကိုတာကင်းလွတ်ခွင့် (duty-free, quota-free) အခွင့်အရေးများကို ဆက်လက်ခံစား၍ တင်ပို့ နိုင်မည်ဖြစ်ကြောင်း၊ ဥရောပကော်မရှင်သည် ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာန (European External Action Service-EEAS) နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံနှင့် တိုးမြှင့်ထိတွေ့ဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အီးယူသည် ကမ္ဘောဒီးယားနိုင်ငံ၏ အခြေအနေ၊ အထူးသဖြင့် ဆောင်ရွက်ဆဲပြုပြင်ပြောင်းလဲရေးနယ်ပယ်များအား ဆက်လက်စောင့်ကြည့်အကဲဖြတ်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့်အလုပ်အကိုင်ရရှိမှုတို့အပေါ် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါ၏ရိုက်ခတ်မှုကို သတိပြုမိသကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းနှင့် စီးပွားရေးပြန်လည်နိုးထလာစေရေး ကမ္ဘောဒီးယားနိုင်ငံ၏ တုန့်ပြန်ကြိုးပမ်းမှုတွင် အကူအညီပေးရန် အီးယူကအဆင်သင့်ရှိကြောင်း ၎င်းထုတ်ပြန်ချက်အရသိရသည်။

ကမ္ဘာ့ဘဏ်၏စာရင်းများအရ ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ ပို့ကုန်တင်ပို့မှု၏ ၂၅ ရာခိုင်နှုန်းခန့်ကို အီးယူသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားကုန်စည်များ (travel goods)၊ သကြား၊ အချို့သော ချုပ်ပြီးအထည်နှင့် ဖိနပ်ထုတ်ကုန်များအပါအဝင် ပို့ကုန်အမယ်အချို့သည် အီးယူမှကောက်ခံသည့် အခွန်နှုန်းထားများကို ပေးဆောင်သွားရမည်ဖြစ်ကြောင်း၊ သိသာသောတိုးတက်မှုများရှိလာပါက ကမ္ဘောဒီးယားနိုင်ငံအား EBA ကုန်သွယ်မှုအကျိုးခံစားခွင့်များ အပြည့်အဝပြန်လည်ပေးအပ်ရေးကို တံခါးဖွင့်ထားသည်ဟု အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan က ပြောကြားခဲ့ကြောင်း သိရပါသည်။

**Source:** ဥရောပကော်မရှင်, Press release, https://asia.nikkei.com/

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

# STOCK EXCHANGE (17.8.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 17th Aug. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,000 | 10,000 | 1,639 | 16,390,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 1,991 | 7,466,250 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,700 | 2,800 | 2,700 | 1,414 | 3,818,100 | 12,823,224 | 35,905 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,000 | 3,050 | 3,000 | 17 | 51,600 | 19,977,223 | 60,931 |

## Market summary

As of 17th Aug. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.88 | -8.92 | -2.00% | 437.69 | 437.88 | 436.34 | 5,061 | 27,725,950 | 6 | 651,540 |

### Index chart




## Market Overview

As of 1:00 pm, 17th Aug. 2020

| MYANPIX | 437.88 ▼ 8.92 |
|---|---|
| Total Volume (shares) | 5,061 |
| Total Value (MMK) | 28 mil |
| Listed Company | 6 |
| Market Cap. (MMK) | 651,540 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 100 |
| EFR | 00006 | 3,050 | ▼ 50 |